ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထဲရေးဝန်ကြီးဌာန
ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပဲခူးမြို့
ဈေးပြိုင်အဆိုပြုလွှာအိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၈ ခုနှစ် မတ်လ (၂၈) ရက်နေ့တွင် အပြီးလုပ်ငန်းအပ်နှံရမည့် အောက်ဖော်ပြပါ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံလိုပါသဖြင့် ဈေးပြိုင်အဆိုပြုလွှာ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အကြီးစားပြင်ဆင်ခြင်း (ဒိုင်းများ လဲလှယ်တပ်ဆင်ခြင်း/ အမိုးမိုးခြင်း/ ပန်းပြား တပ်ဆင်ခြင်း/ မျက်နှာကြပ်လုပ်ငန်း/ နံရံလုပ်ငန်း/ ကြမ်းခင်းလုပ်ငန်း/ သစ်သားတိုင် လုပ်ငန်း/ Apron & Drain လုပ်ငန်း/ ပြူတင်းပေါက်တံခါးများ ပြုပြင်ခြင်း/ ဆေးသုတ်လုပ်ငန်း၊ (ထပ်တိုး) အစည်းအဝေးခန်းမ ဆေးသုတ်ခြင်း/ လျှပ်စစ် လုပ်ငန်းနှင့် ရေသန့်လုပ်ငန်း)

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား တင်သွင်းမည့် ပုဂ္ဂိုလ်/ သက်ဆိုင်ရာကုမ္ပဏီ/ အဖွဲ့အစည်း ကိုယ်တိုင် (သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့် ပုံစံအား တစ်စုံလျှင် (၁၀၀၀၀ိ/-) (ကျပ်တစ်သောင်း တိတိ)ဖြင့် ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့တွင် (၂၃.၁.၂၀၁၈) ရက်နေ့မှ (၃၀.၁.၂၀၁၈) ရက်နေ့အထိ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာများကို တိုင်းအုပ်ချုပ်ရေးမှူး၊ ပဲခူးတိုင်းဒေသကြီးအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့ထံ လိပ်မူ၍ (၃၀.၁.၂၀၁၈) ရက်နေ့ (၁၆:၀၀)နာရီအချိန် နောက်ဆုံးထား၍ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့ရှိ တင်ဒါပုံးအတွင်းသို့ တင်သွင်းရမည် ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် (၀၅၂-၂၂၀၀၄၉၂၊ ၀၅၂-၂၂၀၁၈၃၇၊ ၀၅၂-၂၂၀၀၀၉၀) များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။